# အမျိုးသားညီလာခံ
# အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းနှင့်စပ်လျဉ်း၍ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့တွင်ပါဝင်သော (ငြိမ်းချမ်းရေးအဖွဲ့) (၁၃) ဖွဲ့တို့မှ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်း

ဖတ်ကြားတင်ပြသူ

ဦးဇော်တောင်
ဦးမိုင်အုန်းခိုင်

ရက်စွဲ ။ ။ ၂၀၀၄ ခုနှစ်၊ ဇွန်လ (၉) ရက်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်
ဥပဒေပြုရေးနှင့် ပတ်သက်သည့်အာဏာခွဲဝေရေးအပိုင်းနှင့်စပ်လျဉ်း၍
အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ
အစုအဖွဲ့တင်ပါဝင်သော ငြိမ်းချမ်းရေးအဖွဲ့(၁၃)ဖွဲ့တို့၏
အကြံပြုချက်စာတမ်း

ရက်စွဲ ၊ ၉ - ၆ - ၂၀၀၄

လေးစားအပ်ပါသော သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ ခင်ဗျား-

ကိုယ်စားလှယ်တော်များအားလုံး စိတ်နှလုံးကြည်သာပြီး ကျန်းမာချမ်းသာစေကြောင်း ဦးစွာ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

သဘာပတိကြီးခင်ဗျာ -

တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးရေရှည်တည်တန့် ခိုင်မြဲရန် မရှိမဖြစ်လိုအပ်နေသော ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံ ရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဌက ၂၀၀၄ ခုနှစ်၊ မေလ(၁၇) ရက်နေ့မှ (၂၁)ရက်နေ့ထိ ရှင်းလင်းပြောကြားခဲ့ပါတယ်။

အမျိုးသားညီးလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဌ၏ ရှင်းလင်းချက်တွင် ဥပဒေပြုရေးစာရင်းလျာ ထားချက်များကို ကဏ္ဍ(၁၁)ခု ခွဲခြားပြီးရှင်းလင်းတင်ပြခဲ့ပါတယ်။ လုပ်ငန်းကော်မတီဥက္ကဌ၏ ရှင်းလင်ချက်တင်ပြ ချက်များ အလွန်ကျိုးကြောင်းဆီလျော်ပြည့်စုံလှပါတယ်။ ကျွန်တော်တို့သဘောတူပြီးဖြစ်သော အကြောင်းအချက် များကို ထပ်မံမဖော်ပြတော့ပါ။ ကျွန်တော်တို့ ဉာဏ်မီသ၍ အကြံပြုလိုသော အချက်များကိုသာ သက်ဆိုင်ရာ ခေါင်းစဉ်အလိုက်၊ ကဏ္ဍအလိုက် ဤစာတမ်းတွင် တင်ပြသွာမှာဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား -

ဥပဒေပြုအာဏာခွဲဝေကျင့်သုံးတဲ့နေရာမှာ ပြည်ထောင်စုအဆင့်ဥပဒေပြုစာရင်းနှင့် အောက်ခြေများ အဆင့်(တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသ) ဥပဒေပြုစာရင်း ဟူ၍ နှစ်မျိုးသာထားရှိသည်ကို လေ့လာသုံးသပ်ရပါတယ်။ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ပြည်ထောင်စုကြီးဖြစ်သည့်နှင့်အညီ အချို့ကဏ္ဍရပ်များတွင် ဒေသနှင့်လူမျိုးစုများ ၏ထူးခြားသောဝိသေသ အခြေအနေအရ ပြည်ထောင်စုဥပဒေစာရင်း၌ ဖော်ပြသကဲ့သို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်လည်း ထပ်ဆင့်ဖော်ပြထားမှသာ ပိုမိုပြည့်စုံလုံလောက်မည့်အခြေအနေတွေ့ရှိရ ပါတယ်။ ဒါကြောင့် ဥပဒေပြုစနစ်ကျင့်သုံးရာတွင် ထပ်တူဥပဒေပြုစာရင်းထားရှိသင့်ကြောင်း အကြံပြုတင်ပြအပ် ပါတယ်။

ဥပဒေပြုစာရင်းလျာထားချက် ကဏ္ဍ(၁၁)ခုနှင့်ပတ်သက်လို့ တိုင်းရင်းသားလူမျိုးစုများဖြင့် ဖွဲ့စည်းတည် ထောင်ထားသော ပြည်ထောင်စုကြီးဖြစ်သည်နှင့်အညီ ဥပဒေပြုစာရင်းကဏ္ဍတွင်“တိုင်းရင်းသားလူမျိုးစုများကဏ္ဍ” ဟု သီးခြားကဏ္ဍသစ်တစ်ခုထပ်တိုး ဖြည့်စွက်ပေးပြီး တိုင်းရင်းသားလူမျိုးစုများ၏ အရေးအရာများကို ဥပဒေပြု ပြဋ္ဌာန်းပိုင်ခွင့်အာဏာအား သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သို့ ခွဲဝေအပ်နှင်းသင့်ကြောင်း အကြံ ပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား -

ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍတွင် အသေးစိတ်အခြေခံရမည့်မှု(၇)ချက် ချမှတ်ထားပြီး၊ ဥပဒေပြု အာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းသင့်ကြောင်း အကြံပြုထားခြင်းကိုတွေ့မြင်ရပါတယ်။

နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးသည် ပြည်သူတစ်ရပ်လုံး၌ တာဝန်ရှိပါတယ်။ ဒါကြောင့်နောင်အခါ နိုင်ငံတော်၏နယ်မြေအစိတ်အပိုင်း ကာကွယ်ရေးကဏ္ဍတွင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် များတွင်လည်း တာဝန်ရှိလာမည်ဖြစ်သည်နှင့်အညီ ပြည်ထောင်စု ဥပဒေစာရင်း၌ ပါရှိသော အသေးစိတ်အခြေခံ ရမည့်မှု အမှတ်စဉ်(၁)အား ပြည်ထောင်စု ဥပဒေစာရင်း၏ အသေးစိတ်အခြေခံရမည့်မှု ချမှတ်သကဲ့သို့ တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်၏ ဥပဒေပြုစာရင်းတွင်လည်း အသေးစိတ်အခြေခံရမည့်မှုအဖြစ် ဖြည့်စွက်ချမှတ်သင့် ကြောင်း အကြံပြုတင်ပြပါတယ်။

အမှတ်စဉ်(၄)အဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်နှင့် ယင်းတို့ကိုဖြစ်ထွန်းစေသော ဓါတ်သတ္တုပင်ရင်းအခြေအမြစ်များဟူသော အခြေခံမှုအား ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍတွင် ထည့်သွင်းထား ခြင်းသည် မသင့်လျော်ဟု ယူဆမိပါတယ်။ ယနေ့ကမ္ဘာတွင် အဏုမြူလက်နက်အား ဆန့်ကျင်နေသည့်အချိန် ဖြစ်သည်နှင့်အညီ အဏုမြူစွမ်းအင်ကဏ္ဍကို ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၌ထည့်သွင်းဖော်ပြခြင်းအားဖြင့် နိုင်ငံတကာမျက်မှောင်ကြုတ်ခံရနိုင်ပါတယ်။ ဒါကြောင့် ဤအခြေခံမှုအား ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍ၌ မထည့်သွင်းပဲ၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍတွင် ပြင်ဆင်ပြောင်းလဲထည့်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍအောက်မှ အသေးစိတ်အခြေခံရမည့်မှုအမှတ်စဉ်(၇)မှ ရဲတပ်ဖွဲ့အား သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အသေးစိတ်အခြေခံရမည့်မှုတွင်လည်း ဖြည့်စွက်ထည့် သွင်းသင့်ကြောင်း အကြံပြုပါတယ်။ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အကြောင်းကိစ္စရပ်ဖြစ်သည့် ဒေသလုံခြုံရေးတပ်ဖွဲ့နှင့် ပြည်သူစစ်ကို ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍ၏ အသေးစိတ်အခြေခံရမည့်မှုအဖြစ် ထပ်မံဖြည့်စွက်ဖော်ပြပြီး ၎င်းအခြေခံမှုအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဥပဒေပြုစာရင်းတွင်လည်း အသေးစိတ်အခြေခံရမည့်မှုအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား -

ဆက်လက်ပြီးနိုင်ငံခြားရေးကဏ္ဍနှင့်ပတ်သက်၍ တင်ပြသွားပါမယ်။

နိုင်ငံခြားရေးကဏ္ဍမှ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြထားသေ ်။ ဒေသဖွံ့ဖြိုးရေးတွင် လည်း နယ်စပ်ကူးသန်းရောင်းဝယ်ရေးက အဓိကအထောက်အကူပြုနေပါတယ်။ ဒါကြောင့် နိုင်ငံခြားရေးကဏ္ဍ တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအားလည်း ဥပဒေပြုအာဏာ ခွဲဝေပေးပြီး (က) နယ်ခြားဖြတ်သန်း သွားလာခွင့် (Border Pass)၊ (ခ) လူမှုဆက်ခံရေးကိစ္စရပ်များ၊ (ဂ) ကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များဟူသော အသေးစိတ်အခြေခံရမည့်မှု ချမှတ်ဖြည့်စွက်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍကို လေ့လာကြည့်တဲ့အခါ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အသေးစိတ် အခြေခံရမည့်မှု(၂၅)ချက် တွေ့ရှိရပါတယ်။ ဤ(၂၅)ချက်အနက် အချို့အချက်အလက်များသည် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မှုအဖြစ် ချမှတ်သင့်ပြီး၊ အချို့အချက်အလက်များသည် ပြည်ထောင် စုဥပဒေပြုစာရင်းတွင် ချမှတ်သည့်နည်းတူ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း၏ အသေးစိတ် အခြေံရမည့်မှု ချမှတ်သင့်ကြောင်း လေ့လာတွေ့ရပါတယ်။

ဒါကြောင့်

(က) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဘဏ်လုပ်ငန်းနှင့်ငွေရေးကြေးရေးအဖွဲ့အစည်း

(ခ) တိုင်းရင်းသားလူမျိုးမျာ:မှတ်တမ်းနှင့်မော်ကွန်း

(ဂ) ကုန်သွယ်လုပ်ငန်းခွန်

(ဃ) အကောက်ခွန်

(င) အောင်ဘာလေထီ

(စ) အခွန်အယူခံခြင်း

(ဆ) စာရင်းစစ်တမ်းကောက်ယူခြင်း

(ဇ) စာရင်းစစ် စသည့်အသေးစိတ်အခြေခံရမည့်မှုများကို၊ ပြည်ထောင်စုဥပဒေပြုစာရင်း၌ ချမှတ်ထားသကဲ့သို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များဥပဒေပြုစာရင်းတွင်လည်း အသေးစိတ်အခြေခံရမည့်မှုများအဖြစ် ထပ်မံဖြည့်စွက်ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

သဘာပတိကြီးခင်ဗျာ -

ဆက်လက်ပြီးစီးပွါးရေးကဏ္ဍအတွက် ပြင်ဆင်ချမှတ်သင့်တဲ့အချက်များကို တင်ပြသွားပါမယ်-

သည်ကဏ္ဍမှာ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မှု(၇)ချက်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မှု(၃)ချက် ချမှတ်ထားတာတွေ့ရပါတယ်။

ပြည်ထောင်စုဥပဒေပြုစာရင်းရဲ့ အသေးစိတ်အခြေခံရမည့်မှုများမှ အမှတ်စဉ်(၆) ဟုတ်တယ်နှင့် တည်းခိုခန်း၊ အမှတ်စဉ်(၇)ခရီးသွားလာရေးလုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ စီမံခန့်ခွဲဥပဒေပြုခွင့်ပေးသင့်ပါတယ်။ ဒါကြောင့် ၎င်းအခြေခံမှုနှစ်ရပ်အား ပြည်ထောင်စုဥပဒေပြုစာရင်း၌ ထားရှိသကဲ့သို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း၏ အသေးစိတ်အခြေခံရမည့်မှုများအဖြစ် ဖြည့်စွက်ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသည် အိမ်နီးချင်းနိုင်ငံများနှင့် ထိစပ်နေကြသဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ ဥပဒေပြုစာရင်းတွင် "နယ်စပ်ကုန်သွယ်ရေး" ဟူသော အခြေခံမှုတစ်ရပ် ဖြည့်စွက်ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြထားသော အသေးစိတ်အခြေခံရမည့်မှု အမှတ်စဉ်(၁)၊ (၂)၊ (၃)တို့၌ သုံးနှုန်းထားသော "ပြည်ထောင်စုကပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ" ဟူသောစကားရပ် အစား "နိုင်ငံတော်၏ စီးပွါးရေးမူဝါဒနှင့်အညီ" ဟူသောစကားရပ်ဖြင့် အစားထိုးသုံးနှုန်းသင့်ကြောင်း အကြံပြုအပ်ပါတယ်။

သဘာပတိကြီးခင်ဗျာ -

စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် ပြည်ထောင်စုဥပဒေပြုစာရင်း အသေးစိတ်အခြေခံရမည့်မှု(၁၁)ချက် ချမှတ်ပြီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတါင် အခြေခံရမည့်မှု(၇)ချက် ချမှတ်ထားတာတွေ့ရပါတယ်။

နိုင်ငံတော်၏ စီးပွါးရေးဦးတည်ချက်သည် " စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွါးရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး"ဟူသောမူဖြစ်သည်နှင့်အညီ မိမိနိုင်ငံရဲ့ ပကတိအခြေအနေဟာလည်း စိုက်ပျိုးရေးအပေါ် အခြေခံအားကိုးအားထားပြုနေရသော ကာလဖြစ်ပါတယ်။ စိုက်ပျိုးရေးရဲ့အရင်းအမြစ်သည် မြေယာဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအား မြေယာများကို စီမံခန့်ခွဲပိုင်ခွင့်၊ စိုက်ပျိုးရေးအထောက်အကူပြု ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေးထုတ်လုပ်သုံးစွဲခွင့်၊ စိုက်ပျိုးသုတေသနပြုခွင့်စသည့် လုပ်ငန်းများကို စီမံခန့်ခွဲလုပ်ကိုင်စေခြင်းသည် နိုင်ငံတော်၏စိုက်ပျိုးရေးကဏ္ဍ၌ လက်တွေ့ကျကျ တရှိန်ထိုးတိုးတက်လာနိုင်စေမှာဖြစ်ပါတယ်။

အချို့တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသည် ပင်လယ်နှင့်ထိစပ်နေကြပါတယ်။ ထိုကဲ့သို့သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ပင်လယ်ငါးဖမ်းလုပ်ငန်းသည် အဓိကလုပ်ငန်းရပ်ဖြစ်ပါတယ်။

လုပ်ထုံးလုပ်နည်းနှင့်အညီ ဥပဒေပြုပြဋ္ဌာန်းစေပြီး ပင်လယ်ငန်းဖမ်းခြင်းလုပ်ငန်းကို ကြီးကြပ်လုပ်ကိုင်စေခြင်းသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဒေသဖွံ့ဖြိုးရေး သာမက၊ နိုင်ငံတော်၏တပြေးညီ ဖွံ့ဖြိုး တိုးတက်ရေးမှုကို ထိရောက်အောင်မြင်စေမှာဖြစ်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုဥပဒေပြုစာရင်း၌ ဖော်ပြထားသောအသေးစိတ်အခြေခံရမည့်မှုများမှ -

အမှတ်စဉ် (၁) မြေယာစီမံခန့်ခွဲမှု

(၂) မြေလွတ်၊ မြေလပ်၊ မြေရိုင်းများဖော်ထုတ်ခြင်း

(၃) ကြေးတိုင်နှင့်မြေစာရင်း

(၈) စက်မှုလယ်ယာ

(၉) စိုက်ပျိုးရေးသုတေသန

(၁၀) ဓါတ်မြေဩဇာနှင့် ပိုးသတ်ဆေးထုတ်လုပ်ရေး

(၁၁) ပင်လယ်ငါးလုပ်ငန်း

ဟူသောမှုများအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဥပဒေပြုစာရင်းတွင်လည်း အသေးစိတ် အခြေခံရမည့်မှုအဖြစ် ထည့်သွင်းဖြည့်စွက် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

ဒါအပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍပါ ဥပဒေပြုစာရင်း၌ ဖော်ပြသင့်သည့် အသေးစိတ်အခြေခံရမည့်မှုအမှတ်စဉ်(၇)ကိုလည်း "တိရိစ္ဆာန်မွေးမြူရေး၊ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့်စနစ်တကျ ထိန်းကျောင်းရေး" ဟူသော အခြေခံမှု၌ "စားကျက်မြေသတ်မှတ်ရေး" ဟူသော စကားရပ် ထပ်မံဖြည့်စွက်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား -

ဆက်လက်ပြီးစွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍကို ဆွေးနွေးအကြံပြုသွားပါမယ်။

သဘာဝဓါတ်ငွေ့ထုတ်ယူသုံးစွဲခွင့် အာဏာကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ခွဲဝေ အပ်နှင်းခြင်း အားဖြင့် နိုင်ငံတော်စီးပွါးဖွံ့ဖြိုးမှုကို တစ်တပ်တစ်အားပံ့ပိုးနိုင်မှာဖြစ်ပါတယ်။

ဒ့ါအပြင် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ရေအားလျှပ်စစ်ထုတ်ယူနိုင်သော သဘာဝရင်းမြစ် ပေါး ကြွယ်ပါတယ်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ရေအားလျှပ်စစ်ထုတ်လုပ်သုံးစွဲခွင့်အာဏာ ကျယ်ကျယ်ပြန့်ပြန့် ခွဲဝေအပ်နှင်းမည်ဆိုပါက နိုင်ငံတော်တစ်ဝန်းလိုအပ်နေသော လျှပ်စစ်ဓါတ်အား လိုအပ်ချက်ကို အထောက်အကူ ပြုနိုင်မှာဖြစ်ပါတယ်။

သတ္တုတူးဖော်ခြင်း၊ ကျောက်မျက်တူးဖော်ခြင်း၊ သစ်တောထိန်းသိမ်းခြင်း၊ သဘာဝအပင်များ၊ တောရိုင်း တိရိစ္ဆာန်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဟူသော အချက်များသည်လည်း တစ်ခုနှင့်တစ်ခုဆက်စပ် နေကြပါတယ်။

သတ္တု၊ ကျောက်မျက်၊ သစ်တော၊ တောရိုင်းတိရိစ္ဆာန်နှင့်သဘာဝအပင်များသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပို၍ပေါကြွယ်ကြပါတယ်။ သို့ဖြစ်၍ ဒီလုပ်ငန်းများကို လက်တွေ့ကျကျ ပို၍နီးစပ်သည်မှာ တိုင်းဒေသကြီးနှင့်ပြည်နယ်များသာဖြစ်ပါတယ်။ သစ်တောကြိုးဝိုင်းများ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ နယ်နိမိတ်အရမရှိခြင်းမှာ ကြီးမားသေပြဿနာမဟုတ်ပါ။ ဒါကြောင့်ဒီလုပ်ငန်းများကို လုပ်ကိုင်ရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များအား စီမံခန့်ခွဲခွင့် အာဏာအပြည့်အဝပေးပြီး အကောင်အထည်ဖော်စေခြင်းဟာ ထိရောက်အောင်မြင်ခြင်းရဲ့သော့ချက်ဖြစ်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုဥပဒေပြုစာရင်း၌ ပါရှိသော အသေးစိတ်အခြေခံရမည့်မှုများမှ-

အမှတ်စဉ်(၃) သတ္တုများ၊ သတ္တုတွင်းများ၊ သတ္တုတွင်းအလုပ်သမားဘေးကင်းရေး၊ သဘာဝပတ်ဝန်း ကျင် ထိန်းသိမ်းရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေး

အမှတ်စဉ်(၄) ကျောက်မျက်ရတနာ

အမှတ်စဉ်(၆) သစ်တော

အမှတ်စဉ်(၇) တောရိုင်းတိရိစ္ဆာန်များ၊ သဘာဝအပင်များနှင့်နယ်မြေများအပါအဝင် ပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ထိန်းသိမ်းရေး စသည့်အခြေခံမူများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းအသေးစိတ် အခြေခံရမည့်မူများအဖြစ် ဖြည့်စွက် ချမှတ်သင့်ကြောင်း အကြံပြုပါတယ်။

ဒ့ါအပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ပါရှိတဲ့ အသေးစိတ်အခြေခံရမည့်မူများမှ -

အမှတ်စဉ်(၁) ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစား၊ အလတ်စား လျှပ်စစ်ဓါတ်အားထုတ်လုပ်ဖြန့်ဖြူးရေးမှအပ ဟူသောစကားရပ်အစား -
ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓါတ်အားထုတ်လုပ်ဖြန့်ဖြူးရေးမှအပ ဟူသောစကားရပ်ဖြင့်လည်းကောင်း ။

အမှတ်စဉ်(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဟူသောစကားရပ်အစား -
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွင်း ကျောက်မျက်ရတနာများ ရှာဖွေတူးဖေါ်ခြင်း၊ ရောင်းချခြင်း၊ ဖြတ်တောက်ခြင်း၊ အချောကိုင်ခြင်း၊ ရတနာပြပွဲပြုလုပ်ခြင်း ဟူသောစကားရပ်ဖြင့်လည်းကောင်း ။

အမှတ်စဉ်(၄) မှ ကျေးရွာပိုင် ထင်းစိုက်ခင်း ဟူသောစကားရပ်အစား -
ကျေးရွာပိုင်ထင်းစိုက်ခင်း (အစုအဖွဲ့ပိုင်စိုက်ခင်း၊ ပုဂ္ဂလိကပိုင်စိုက်ခင်း) ဟူသော စကားရပ်ဖြင့်လည်းကောင်း ။

အမှတ်စဉ်(၅) မှ အပန်းဖြေစခန်းများ၊ တိရိစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်များ၊ ပရဆေးပင်စိုက်ပျိုးခြင်း ဟူသောစကားရပ်ဖြင့်လည်းကောင်း၊ အသီးသီးပြင်ဆင်ဖြည့်စွက်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း၏ အသေးစိတ်အခြေခံရမည့်မူးများအဖြစ် ချမှတ်သင့်ကြောင်းအကြံပြုအပ်ပါတယ်။

ထို့အပြင် ပြည်ထောင်စုဥပဒေပြုစာရင်း၏ အသေးစိတ်အခြေခံရမည့်မူ အမှတ်စဉ်(၁)မှ ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် ပြည်ထောင်စုဥပဒေအရ ဘေးအန္တရာယ်ဖြစ်စေလောက်အောင် လောင်ကျွမ်းစေတတ်သည်ဟု သတ်မှတ်ထားသော အခြားအရည်အခဲ စသည်များဟူသော သတ်မှတ်ချက်များအနက်မှ သဘာဝဓါတ်ငွေ့ထုတ်လုပ်ရေးဟူသော အခြေခံမူအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖြည့်စွက်သင့်ကြောင်း အကြံပြုအပ်ပါတယ် ။

သဘာပတိကြီးခင်ဗျာ -

ဆက်လက်ပြီး စက်မှုလက်မှု ကဏ္ဍကို အကြံပြုတင်ပြသွားပါမယ် ။

သည်ကဏ္ဍရဲ့ ဥပဒေပြုအာဏာခွဲဝေကျင့်သုံးမှုမှာ ပြည်ထောင်စုက ဥပဒေပြုရာတွင် အသေးစိတ်အခြေခံရမည့်မူ(၅)ချက်ရှိပြီး၊ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်များ၏ ဥပဒေပြုစာရင်းတွင် (၂)ချက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ပြည်ထောင်စုဥပဒေပြုစာရင်း၏ အသေးစိတ်အခြေခံရမည့်မူများ ဖြည့်စွက်ပြင်ဆင်ရန်မရှိကြောင်း အကြံပြုအပ်ပါတယ် ။

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ဥပဒေပြုစာရင်းတွင် ဖေါ်ပြထားတဲ့ အသေးစိတ်အခြေခံရမည်မူမှ အမှတ်စဉ်(၁)ကို လေ့လာသုံးသပ်ကြည့်ရာ “ပြည်ထောင်စုအဆင့်က ဆောင်ရွက်ရန်သတ်မှတ်ထားသည့် စက်မှု

လုပ်ငန်းများမှအပ" ဟူသောစကားရပ်၏ အဓိပ္ပါယ်ဆိုလိုရင်းသည် တိကျမှုမရှိဟု ယူဆမိပါတယ်။ စက်မှုလုပ်ငန်းတွင် အကြီးစား၊ အလတ်စားနှင့် အသေးစား အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဟူ၍ ခွဲခြားခြင်းရှိမည်ဟု ယူဆမိပါတယ်။ မရှိပါကလည်း ရှိသင့်တယ်ဟု အကြံပြုအပ်ပါတယ်။ တကယ်လို့ယင်းကဲ့သို့ ခွဲခြားထားခြင်း ရှိခဲ့လျှင် အလတ်စားစက်မှုလုပ်ငန်းများ လုပ်ပိုင်ခွဲအာဏာကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ခွဲဝေအပ်နှင့်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

နိုင်ငံနှင့် တစ်ဝန်းစက်မှုလုပ်ငန်းများအလျှင်အမြန် အရှိအဟုတ်နှင့် ဖွံ့ဖြိုးတိုးတက်လာစေရန် စက်မှုဇုံနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ စီမံခန့်ခွဲပိုင်ခွင့်နှင့် အာဏာခွဲဝေအပ်နှင့်ထားသင့် ကြောင်း အကြံပြုအပ်ပါတယ်။

ဒါ့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် -

(က) အလတ်စားနှင့် အသေးစား စက်မှုလုပ်ငန်းများ

(ခ) အိမ်းတွင်းစက်မှု လက်မှု လုပ်ငန်းများ

(ဂ) စက်မှုဇုံများဟူ၍ အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား -

ဆက်လက်ပြီး ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍကို အကြံပြုဆွေးနွေးသွားပါမယ် ။

သည်ကဏ္ဍမှာ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မူ (၁၄)ချက်ပါရှိကြောင်း လေ့လာတွေ့ရှိရပါတယ် ။

ပြည်ထောင်စုဥပဒေပြုစာရင်းမှ အသေးစိတ်အခြေခံရမည့်မူအချို့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း၏ အသေးစိတ်အခြေခံရမည့်မူအဖြစ် ပြောင်းလဲဖြည့်စွက်ထည့်သွင်းပေါ်ပြမှ ပို၍ဆီလျော်နိုင်မယ်ဟု အကြံပြုတင်ပြအပ်ပါတယ်။

ပြည်ထောင်စုဥပဒေပြုစာရင်းမှ အသေးစိတ်အခြေခံရမည့်မူများအနက်မှ -

အမှတ်စဉ်(၁) ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး

အမှတ်စဉ်(၂) ရေကြောင်းလမ်းများ ပြုပြင်ထိန်းသိမ်းရေး

စသည့်အခြေခံရမည့်မူများအား တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များ၏ ဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ဖြည့်စွက်ထည့်သွင်းသင့်ကြောင်း အကြံပြုအပ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စု ဥပဒေပြုစာရင်း၏ အသေးစိတ်အခြေခံရမည့်မူအမှတ်စဉ်(၃)မှ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဟူသည့် အခြေခံရမည့်မူးအား ပြည်ထောင်စုဆင့်၌ထားသကဲ့သို့ မြစ်ချောင်း၊ မြောင်းများမှ ရေအရင်းအမြစ်နှင့် ဖွံ့ဖြိုးတိုးတက်ရေးဟူသော အခြေခံမူတစ်ရပ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မူတစ်ခုအဖြစ် ဖြည့်စွက်ထည့်သွင်းသင့်ကြောင်း အကြံပြုအပ်ပါတယ်။

သင်္ဘောတည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေး အချက်ကိုလည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဥပဒေပြုစာရင်းတွင်လည်း အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

ဒါ့အပြင် ယနေ့ကမ္ဘာတွင် စာတိုက်၊ ကြေးနန်း၊ ရုပ်မြင်သံကြား၊ ဂြိုလ်တုဆက်သွယ်ရေး၊ အသံလွှင့်အသံဖမ်း စသည့်သတင်းဆက်သွယ်ရေးကဏ္ဍသည် နေ့စဉ်နှင့်အမျှတိုးတက်နေသောခေတ်ဖြစ်ပါတယ်။ သို့ဖြစ်၍ မိမိတို့တိုင်းဒေသကြီး သို့မဟုတ် ပြည်နယမ်းများ ဖွံ့ဖြိုးမှုတွင် ဤခေတ်မီသတင်း ဆက်သွယ်ရေးကဏ္ဍ ခေတ်နောက်ကျကျန်နေ၍မဖြစ်ပါ။ နေ့စဉ်နှင့်အမျှ အမီလိုက်နိုင်ရန် မလွဲမသွေ လိုအပ်နေမှာဖြစ်ပါတယ်။ သို့ဖြစ်၍ ဆက်သွယ်ရေးလုပ်ငန်းဖြစ်သည့် စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်း၊ ဖက်(စ်)၊ အီးမေးလ်၊ အင်တာနက်၊ အင်ထရာနက်နှင့်အလားတူး ဆက်သွယ်ရေး၊ ရုပ်မြင်သံကြား၊ ဂြိုလ်တုဆက်သွယ်ရေး၊ အသံလွှင့်အသံဖမ်းလုပ်ငန်း

နှင့်အလားတူ ဆက်သွယ်ရေးစသည့်လုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ စီမံခန့်ခွဲခွင့်အာဏာခွဲဝေမှသာ ၎င်းဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု အကြံပြုအပ်ပါတယ်။

ဒါ့ကြောင့် ပြည်ထောင်စုဥပဒေပြုစာရင်း၏ အသေးစိတ်အခြေခံရမည့်မူ အမှတ်စဉ်(၇)၊ (၁၃) နှင့် (၁၄) အား ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းသကဲ့သို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဥပဒေပြုစာရင်းတွင်လည်း အသေးစိတ်အခြေခံရမည့်မူအဖြစ် ဖြည့်စွက်ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဥပဒေပြုစာရင်းတွင်ဖော်ပြထားသည့်အသေးစိတ် အခြေခံရမည့်မူ အမှတ်စဉ်(၃)မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းသာ သွားလာသည့် ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဟူသော စကားရပ်အား ပြည်တွင်းသွားလာသည့် ပုဂ္ဂလိကယာဉ်များ၊ သမဝါယမပိုင်ယာဉ်များ၊ အဖွဲ့အစည်းပိုင်ယာဉ်များဟု အစားထိုးပြီး အသေးစိတ်အခြေခံရမည့်မူအဖြစ် ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း အကြံပြုအပ်ပါတယ် ။

သဘာပတိကြီးခင်ဗျာ -

လူမှုရေးနှင့်ပတ်သက်ပြီး

လူမှုရေးကဏ္ဍမှ အကျုံးဝင်တဲ့ “ပညာရေးဆိုင်ရာလုပ်ငန်းနှင့် ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ” ဟာ နိုင်ငံတောတစ်ဝန်းလုံးမှာရှိတဲ့ ပြည်သူပြည်သားအားလုံးတို့နှင့် တိုက်ရိုက်သက်ဆိုင်နေတာဖြစ်ပါတယ်။ မိမိနိုင်ငံမိမိလူမျိုး၏ သမိုင်းကြောင်းအခြေခံများ၊ ယဉ်ကျေးမှုဓလေ့စရိုက်အစဉ်အလာများကို အခြေခံပြီး အမျိုးသားရေးမူဝါဒများနှင့် အမျိုးသားရေးဦးတည်ချက်အောက်မြင်စွာ ဖြစ်ထွန်းလာစေရေးအတွက် ပြည်သူပြည်သားများ၏ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်သလို ပါဝင်ဆောင်ရွက်စေနိုင်မည့် အခွင့်အလမ်းများကို ရရှိနိုင်စေဖို့ လိုအပ်ပါတယ်။

အမျိုးသားရေးကိုအခြေခံသော ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွါးရေးဆိုင်ရာ ဖွံ့ဖြိုတိုးတက်မှုအခြေခံကောင်းများကို ဒေသအလိုက်ဖွံ့ဖြိုးမှုနှင့်  ဒေသအလိုက်လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မည့်ဆောက်ရွက်မှုများနှင့်အညီ အစီအမံများချမှတ်ဆောင်ရွက်လာရမှာဖြစ်ပါတယ်။

ဒါကြောင့် လူမှုရေးကဏ္ဍမှာ- အမှတ်စဉ်(၄) ကိုယ်ပိုင်ကျောင်းများနှင့်သင်တန်းများ။

အမှတ်စဉ်(၈) ကုသိုလ်ဖြစ်ဆေးရုံများနှင့်ဆေးခန်းများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများတို့နှင့် စပ်လျဉ်းပြီး ဥပဒေပြဋ္ဌါန်းနိုင်ဖို့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖေါ်ပြရန် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင်ကြောင်း အကြံပြုအပ်ပါတယ် ။

ဆက်လက်ပြီးတော့ လူမှုရေးကဏ္ဍမှာ အကျုံးဝင်တဲ့အကြောင်းအရာများဖြစ်တဲ့ “ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များအား စောင့်ရှောက်ရေး” “ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးကိစ္စရပ်များ”ကို တင်ပြရရင် မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်အတူ ပြည်တွင်းပဋိပက္ခများပေါ်ပေါက်လာခဲ့ပြီး ပြည်နယ်ဒေသများနှင့် နယ်စွန်နယ်ဖျားနယ်စပ်ဒေသများမှာရှိကြတဲ့ တိုင်းရင်းသားပြည်သူတို့ဟာ ငြိမ်းချမ်းသာယာမှုပျက်ပြားပြီး အတိဒုက္ခအမျိုးမျိုးကို နှစ်ပေါင်းရှည်ကြာစွာ တွေ့ကြုံခံစားလာခဲ့ကြရတယ်။ နယ်မြေဒေသမငြိမ်မသက်မှုကြောင့် ဘဝလုံခြုံအေးချမ်းမှုမရှိကြသည့်အပြင် ဝေးလံသီခေါင်သောဒေသများမှာ တိမ်းရှောင်ခိုအောင်း နေလာခဲ့ကြရတယ်။ စားဝတ်နေရေးခက်ခဲမှု အလုပ်အကိုင်မရှိမှုနှင့် ဘဝလုံခြုံအေးချမ်းမှုမရှိခြင်းတို့ကြောင့် ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များတို့အား စောင့်ရှောက်ပေးစေနိုင်ဖို့ အထူးလိုအပ်နေတာကို တွေ့ရှိရပါတယ်။

ဒါကြောင့် လူမှုရေးကဏ္ဍအမှတ်စဉ်(၁၂) “ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များနှင့် ခိုးကိုးရာမဲ့များအား စောင့်ရှောက်ရေး”

အမှတ်စဉ်(၁၃) ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ဖော်ပြထားသည့်နည်းတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာလည်း ဖော်ပြသင့်ကြောင်းအကြံပြုအပ်ပါတယ် ။

လူမှုရေးဆိုင်ရာလုပ်ငန်းများကို ပါဝင်ဆောင်ရွက်ရတဲ့ မီးသတ်တပ်ဖွဲ့တွေဟာ၊ မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေး အစီအစဉ်ဆောင်ရွက်မှုများမှာ ဒေသတစ်ခုနှင့်တစ်ခု ကျရောက်လာနိုင်မည့်အခြေအနေတွေဟာ တူညီမှုမရှိနိုင်သလို မိမိဒေသနှင့် လိုက်လျောညီထွေဖွဲ့စည်းထားမှုနှင့် အစီအစဉ်ကိုလည်း ချမှတ်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အဲဒီ လုပ်ငန်းတွေကို ဒေသအတွင်း ပြည်သူလူထုတွေနဲ့ပူးပေါင်းဆောင်ရွက်နိုင်စေဖို့ အထူးလိုအပ်ပါတယ်။ ဒါကြောင့် မိမိတို့သက်ဆိုင်တဲ့ ဒေသအခြေအနေနှင့် ကိုက်ညီစေမည့်လုပ်ငန်းအစီအစဉ်သတ်မှတ်ပြီး မီးသတ်တပ်ဖွဲ့ကို စနစ်တကျဖွဲ့စည်းထားနိုင်မှသာ အောင်မြင်မှုရရှိနိုင်မှာဖြစ်ပါတယ်။

မီးသတ်တပ်ဖွဲ့ဆိုရာမှာ ဒေသအတွင်း ပြည်သူများကိုပါ ဖွဲ့စည်းတည်ထောင်ပေးရမည့်"အရန်မီးသတ်တပ်ဖွဲ့"ကို စနစ်တကျဖွဲ့စည်းရမှာဖြစ်သည့်အတွက် အမှတ်စဉ်(၁၄) "မီးသတ်တပ်ဖွဲ့"ဆိုင်ရာကိစ္စရပ်နှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာလည်း ဖော်ပြသင့်ကြောင်း အကြံပြုအပ်ပါတယ်။

လူမှုရေးကဏ္ဍမှ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အမှတ်စဉ်(၂၁)အဖြစ် အစိုးရမဟုတ်သောအဖွဲ့အစည်း(Non-Government Organization - NGO) ဟူ၍ အသေးစိတ်အခြေခံရမည့်မူအသစ် ထည့်သွင်းဖော်ပြရန် အကြံပြုအပ်ပါတယ်။

ဆက်လက်ပြီးတော့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ -

အမှတ်စဉ်(၄) "မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး"အစား "မီးသတ်တပ်ဖွဲ့၊ မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး"ဟူ၍စကားရပ်အစားထိုးဖော်ပြပေးပါရန် အကြံပြုအပ်ပါတယ်။

အမှတ်စဉ်(၆) (က) ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဟူသောစကားရပ်အစား ဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဟူသော စကားရပ်ဖြင့် အစားထိုးသုံးနှုန်းဖော်ပြရန် အကြံပြုအပ်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်လည်း အမှတ်စဉ်(၉)အစိုးရမဟုတ်သော အဖွဲ့အစည်း(Non-Government Organization - NGO) ဟူ၍ လည်းကောင်း ထပ်မံဖြည့်စွက် ဖော်ပြရန် အကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျာ -

စီမံခန့်ခွဲရေးကဏ္ဍနှင့်ပတ်သက်ပြီး အကျုံးဝင်တဲ့အထွေထွေအုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များဟာ များပြားကျယ်ဝန်းလှပြီး အကြောင်းအရာအလိုက်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်ကွဲပြားခြားနားသည့် သဘောရှိပါသည်။ လက်တွေ့ကျင့်သုံးမှုနယ်ပယ်မှာလည်း ပြည်သူလူထုများနှင့် အမြဲမပြတ်နီးစပ်ထိတွေ့ရရှိနိုင်မှသာလျှင်အုပ်ချုပ်ရေးယန္တရားကို ချောမောသွက်လက်စွာ လည်ပတ်နိုင်မှာဖြစ်ပါတယ်။

အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ကျင့်သုံးဆောင်ရွက်ကြရာမှာ ဥပဒေပြဋ္ဌာန်းချက်များ ဘောင်အတွင်းကသာလျှင် ကျင့်သုံးဆောင်ရွက်ရတာကြောင့် အထွေထွေအုပ်ချုပ်ရေးအရာရှိများအနေနှင့် ပြဋ္ဌာန်းပေးထားသည့် ဥပဒေများနှင့်အညီ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရခြင်းဖြစ်ပါတယ်။

ဒါကြောင့် အထွေထွေအုပ်ချုပ်ရေးနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို နိုင်ငံတော်၏အုပ်ချုပ်ရေးဆိုင်ရာမူဝါဒနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ဥပဒေပြဋ္ဌာန်းခွင့်ပေးထားခြင်းအားဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်စီမံကျင့်သုံးပိုင်ခွင့်ကို အလေးအနက်ဖော်ဆောင်ရာရောက်ပါလိမ့်မယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း တိုင်းရင်းသားပြည်သူများ၏ လိုလားတောင့်တချက်၊ လိုအပ်ချက်များနှင့်အညီ ဆီလျော်စေမည့် အုပ်ချုပ်ရေးယန္တရားကို စီမံဆောင်ရွက်ပေးခြင်းလည်းဖြစ်ပါတယ်။

ဒါကြောင့်စီမံခန့်ခွဲမှုကဏ္ဍမှာ အမှတ်စဉ်(၁) အထွေထွေအုပ်ချုပ်ရေးနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသည့်နည်းတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဥပဒေပြုစာရင်းတွင်လည်း လိုအပ်ချက်နှင့်ကိုက်ညီဆီလျော်မည့် အုပ်ချုပ်ရေးယန္တရားကို ဖော်ဆောင်နိုင်စေရေးအတွက် အသေးစိတ်အခြေခံရမည့်မူအဖြစ် ဖော်ပြသင့်ပါကြောင်း အလေးအနက်ပြု၍ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ရွာမြေ၊ မြို့မြေစီမံခန့်ခွဲရေးဆိုင်ရာကိစ္စများ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ စည်ပင်သာယာရေးဆိုင်ရာကိစ္စရပ်များတွေဟာ လုပ်ငန်းတစ်ခုနှင့်တစ်ခုဆက်စပ်နေသည့် လုပ်ငန်းများဖြစ်ပါတယ်။ ဒီလုပ်ငန်းများဟာ ဒေသတစ်ခုအတွင်းနေထိုင်ကြတဲ့အများပြည်သူရဲ့လူမှုဘဝ၊ လူမှုစီးပွါးရေးဘဝတို့နှင့် များစွာသက်ဆိုင်သောလုပ်ငန်းကဏ္ဍလည်းဖြစ်ပါတယ် ။

ဒါ့ကြောင့် အမှတ်စဉ်(၂) ရွာမြေ၊ မြို့မြေစီမံခန့်ခွဲရေးကိစ္စရပ်များ၊ အမှတ်စဉ်(၃) အိမ်ငှား မြေငှားတို့နှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ အခြေခံရမည့်မူအဖြစ် ဖော်ပြသင့်ကြောင်း အကြံပြုအပ်ပါတယ်။

လွတ်လပ်သည့်နိုင်ငံတိုင်းက နိုင်ငံသားတွေဟာ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်များရှိကြသလို မိမိနိုင်ငံသားများကိုလည်း ယင်းအခွင့်အရေးကို အပြည့်အဝရရှိစေဖို့လိုအပ်ပါတယ်။

ဒါကြောင့် အမှတ်စဉ်(၆) "အသင်းအဖွဲ့များ" ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ဥပဒေပြဋ္ဌာန်းနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသည့်နည်းတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်လည်း အသေးစိတ်အခြေခံရမည့်မူအဖြစ် ဖော်ပြသင့်ပါကြောင်း အကြံပြုအပ်ပါတယ်။

စီမံခန့်ခွဲမှုကဏ္ဍမှာ အကျုံးဝင်သည့် "နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး"မှာ နယ်စပ်ဒေသတိုင်းရင်းသားများကိုယ်တိုင် ပါဝင်စီမံဆောင်ရွက်လာမှသာ အရှိန်အဟုန်ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ နောက်အခါကာလတွင် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ပြည်နယ်စသည့်အဆင့်ဆင့်တွေမှာ မိမိတို့ဒေသရဲ့ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကိစ္စရပ်များကို မိမိတို့ကိုယ်တိုင်ရေးဆွဲချမှတ်ဆောင်ရွက်လာနိုင်ကြမှာဖြစ်ပါတယ်။

ဒါကြောင့်အမှတ်စဉ်(၈) နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကိစ္စရပ်နှင့် စပ်လျဉ်းပြီး နိုင်ငံတော်၏ မူဝါဒနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ အခြေခံရမည့်မူအဖြစ် ဖော်ပြသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

နိုင်ငံတော်အတွင်းမှာ မှီတင်းနေထိုင်ကြသည့် လူဦးရေစာရင်းဇယားများ တိကျမှန်ကန်ဖို့လိုအပ်သလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူဦးရေစာရင်းဇယားများတိကျမှန်ကန်စွာရှိထားဖို့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များကလည်း လူဦးရေစစ်တမ်းကောက်ယူရမှာဖြစ်ပါတယ်။ သို့ဖြစ်၍ အမှတ်စဉ်(၉) သန်းခေါင်စာရင်းကိစ္စများနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဥပဒေပြဋ္ဌာန်းနိုင်ရန်ဖော်ပြသည့်နည်းတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်လည်း ဥပဒေပြုပြဋ္ဌာန်းနိုင်ရန် အသေးစိတ်အခြေခံရမည့်မူအဖြစ် ဖော်ပြသင့်ပါကြောင်း အကြံပြုအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား -

တရားစီရင်ရေးကဏ္ဍနှင့်ပတ်သက်ပြီး

ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြထားသော အမှတ်စဉ်(၄)၌ ပါဝင်တဲ့ အနုညာတစီရင်ဆုံးဖြတ်ရေး၊ ယုံမှတ်အပ်နှံခြင်းနှင့် ယုံမှတ်အပ်နှံထားသဖြင့် စီမံပိုင်ခွင့်ရှိသူများ၊ အမွေထိန်းနှင့် ပစ္စည်းထိန်း၊ မိသားစုဆိုင်ရာဥပဒေများ၊ အုပ်ထိန်းသူများနှင့် အုပ်ထိန်းခံရသူများ၊ ပစ္စည်းလွှဲပြောင်းခြင်း၊ အမွေဆက်ခံရေးနှင့် အမှတ်စဉ်(၈)မှ

သီးခြားသက်သာခွင့် စသည်တို့သည် လူမျိုးတစ်မျိုး၏ ဓလေ့ရိုးရာ၊ ကိုးကွယ်ယုံကြည်ရာ ဘာသာတရားများနှင့် ဆက်စပ်နေသော ကိစ္စရပ်များဖြစ်ကြပါတယ်။ သို့ဖြစ်ပါ၍ တရားစီရင်ရေးကဏ္ဍမှ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများ(၁၁)ချက် အထဲမှ အမှတ်စဉ်(၄)နှင့် အမှတ်စဉ်(၈)ကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန်အသေးစိတ်အခြေခံရမည့်မူများချမှတ်သည့်နည်းတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များဥပဒေပြုစာရင်းတွင်လည်း အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။

သဘာပတိကြီးခင်ဗျာ -

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဦးစီးအဖွဲ့၏ ဥပဒေပြုခွင့်အာဏာနှင့်ပတ်သက်ပြီး

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ အသီးသီးရှိလူမျိုးစုများသည် မိမိလူမျိုးစုများ၏စာပေ ယဉ်ကျေးမှုများ မတိမကောမပပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိကြပါတယ်။ ထို့ပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် လူမျိုးစုများ၊ ဒေသများနှင့် စပ်လျဉ်း၍ ထူးခြားချက်များစွာရှိနိုင်ပါသဖြင့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ဥပဒေပြုခွင့် ရရှိရန် လိုပ်အပ်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များအား ဥပဒေပြုခွင့်အာဏာများကို အချက်(၁၀)ချက်ဖြင့် ခွဲဝေအပ်နှင်းထားပြီးသည့်အပြင် နောက်ထပ်အမှတ်စဉ်(၅)စာပေ၊ ယဉ်ကျေးမှု ထိန်းသိမ်းရေးနှင့် အမှတ်စဉ်(၆) ဒေသထူးခြားချက်အရ လိုအပ်သော အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာများကို ဥပဒေပြုပိုင်ခွင့်ပေးထားသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

<u>ပြည်ထောင်စုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုအာဏာခွဲဝေအပ်နှင်းရေးကဏ္ဍနှင့်ပတ်သက်ပြီး</u>

ဤကဏ္ဍတွင်"ပြည်ထောင်စုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုပိုင်ခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းသည်"ဟု ဖော်ပြထားပါတယ်။ အမှန်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင်လည်း ဥပဒေပြုစာရင်းတွင် ဖော်ပြမထားသောအခြားကိစ္စရပ်များ ပေါ်ပေါက်လာနိုင်သဖြင့် ပြည်ထောင်စုလွှတ်တော်နည်းတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင်လည်း ဥပဒေပြုခွင့်ရှိသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျာ -

<u>ဘဏ္ဍာရေးကော်မရှင်းဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းတို့အတွက် ချမှတ်သင့်သည့် အခြေခံရမည့်မူများနှင့်ပတ်သက်ပြီး</u>

၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် မြို့ရွာ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသ အသီးသီး၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းသင့်သည် ရငွေများနှင့် အခွန်အခများကိုသာ အားကိုးအားထားရမည်ဖြစ်ပါတယ်။ သစ်များအပေါ် ကောက်ခံရသည့် အခွန်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် အဓိက အားကိုးအားထားရမည့် အခွန်ငွေများဖြစ်ပါတယ်။ သစ်များကို စနစ်တကျခုတ်လှဲ ထုတ်ယူရသကဲ့သို့ စနစ်တကျပြည်လည်စိုက်ပျိုးပြုစုပျိုးထောင်

ထိန်းသိမ်းဖို့လည်း အထူးအရေးကြီးလိုအပ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဥပဒေနှင့်အညီ ကောက်ခံပြီးတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းသင့်သည့်ရငွေများ နှင့် အခွန်အခအမျိုးအစားကို သတ်မှတ်ချက်(၁၉)ချက်များထဲက (၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ရှိ သစ်တောများမှ အောက်ပါပစ္စည်းထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အခများအပိုဒ်ခွဲ(၁) “ကျွန်းနှင့် သတ်မှတ်သောသစ်မာများမှအပ ကျန်သစ်များအပေါ်တွင် ကောက်ခံသည့်အခွန်”ဟူသောစကားရပ်အစား “ကျွန်းမှအပ ကျန်သစ်များအပေါ်တွင် ကောက်ခံသည့်အခွန်” ဟုပြင်ဆင်သတ်မှတ်ပေးရန် အကြံပြုတင်ပြပါ တယ်။

၂။ ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းအပါအဝင် ဘဏ္ဍာရေးဆိုင်ရာ အသေးစိတ်အခြေခံရမည့်မူများ အချက် (၁၈)ချက်များအနက်မှ (ခ)“တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အရအသုံးငွေစာရင်းများကို နိုင်ငံတော်သမ္မတ တစ်ဦးက ဦးဆောင်စိစစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရအသုံးငွေစာရင်းလျာထားချက်ကို ဘဏ္ဍာရေး ကော်မရှင်သို့ တင်ပြရမည်” ဟူသော စကားရပ်အစား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရအသုံးငွေစာရင် များကို နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ဒုတိယသမ္မတတစ်ဦးက ဦးဆောင်စိစစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရအသုံးငွေစာရင်း လျာထားချက်ကို သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ကို ရယူပြီးဘဏ္ဍာရေးကော်မရှင်သို့ တင်ပြရမည်ဟု သတ်မှတ်ပေးရန် အကြံပြုတင်ပြအပ်ပါတယ်။

## သီးခြားတင်ပြချက်

သဘာပတိကြီးခင်ဗျား -

ဥပဒေပြုအာဏာခွဲဝေရေးကဏ္ဍနှင့် စပ်ဆိုင်တဲ့ အကြောင်းအချက်(၂)ရပ်ကို သီးခြားတင်ပြလိုပါတယ်။

၁။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များကို အာဏာခွဲဝေပေးရာတွင် မလွဲမသွေလိုအပ်မည့် မိမိတို့တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များနှင့်ကိုက်ညီသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်မဆန့်ကျင် သော တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အသီးသီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ရှိသင့်ကြောင်း။

၂။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း လိုအပ်သော ဝန်ထမ်းများအားရွေးချယ်ခန့်ထား ပိုင်သည့် ရာထူးခန့်ထားရေး ဥပဒေပြဋ္ဌာန်းခွင့် ဟူသည့်ဥပဒေပြုအာဏာများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်း၌ အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း သီးခြားတင်ပြအပ်ပါတယ်။

သဘာပတိကြီးနှင့် ညီလာခံကိုယ်စားတော်များခင်ဗျား

အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်ဥပဒေပြုရေးနှင့် စပ်လျဉ်းသော အခြေခံရမည့် မူများဆိုင်ရာကိစ္စရပ်များအပေါ် ကျွန်တော်တို့ ငြိမ်းချမ်းရေးအဖွဲ့(၁၃)ဖွဲ့တို့၏ တူညီသောဆန္ဒသဘောထားများ၊ အကြံပြုချက်များကို မိမိတို့နားလည်တတ်သိသ၍ ပွင့်လင်းရိုးသားစွာ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့၏ တင်ပြချက်များကို နားထောင်ပေးသောကြောင့် ကိုယ်စားလှယ်တော်များကို ကျေးဇူးတင်ရှိကြပါတယ်။

ပြည်ထောင်စုနှင့် တိုင်းရင်းသားလူမျိုးများ၏ အနာဂတ်ကောင်းကျိုးချမ်းသာ ကံကြမ္မာကိုဖန်တီးဖော် ဆောင်ပေးမည့် ဤအမျိုးသားညီလာခံကြီး အောင်မြင်စွာ ပြီးမြောက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နိဂုံးချုပ်အပ်ပါတယ်။